
mgyoe.com SAMPLE BOOK



# နိုင်ငံရေးခေါင်းဆောင်မှု ဘာလဲ

ဒဂုန်တာရာ

mgyoe.com

mgyoe.com

SAMPLE BOOK

နှိုင်းကျော့ချိုင်းဆောင်မှု

သုဖလ

ဒဂုန်တာရာ

DGTY- 2000 Ks

9 248480 495140

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
တအုပ်အစီအစဉ်

# နိုင်ငံရေးခေါင်းဆောင်မှု ဘယ်လဲ

## ဒဂုန်တာရာ

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၅ ၄၈ ၄၈ ၀၄၈။

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

နိုင်ငံရေး ခေါင်းဆောင်မှု ဘယ်လဲ

ဒဂုန်တာရာ

ပထမအကြိမ်၊ နိုဝင်ဘာ၊ ၂၀၁၃(သဟဇာတစာပေ)

ဒုတိယအကြိမ်၊ မေ၊ ၂၀၁၉(နှစ်ကာလများစာပေ)

အုပ်ရေ – ၁၀၀၀

**တန်ဖိုး – ၂၀၀၀ ကျပ်**

ထုတ်ဝေသူ ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့် အဖုံးပုံနှိပ် ဦးလပြည့်ဝေး၊ လပြည့်လင်းပုံနှိပ်တိုက် (၀၀၃၆၉)၊ အမှတ် ၁၁ (အိပ်ချ်)၊ ၅၅ လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ မျက်နှာဖုံးဓာတ်ပုံ စံညိမ်းဦး၊ မျက်နှာဖုံးပန်းချီ ဘငွေးကြည်၊ ကွန်ပျူတာစာစီ သရဖီ၊ စာအုပ်ချုပ် ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | ဒဂုန်တာရာ၏ ဘဝဖြစ်စဉ်နှင့် စာပေ | ၅ |
| | ဒဂုန်တာရာ၏ ကလောင်ခွဲအမည်များ | ၁၇ |
| | ကဗျာရေးသားရာတွင် | |
| | သီးသန့်အသုံးပြုခဲ့သော ကလောင်ခွဲအမည်များ | ၂၀ |
| | ဒဂုန်တာရာ၏ စာပေလက်ရာများ | ၂၁ |
| | ဟံသာဝတီ ဦးဝင်းတင်၏ အမှာ | ၂၅ |
| ၁ | ဒီမိုကရေစီ၏ အဓိပ္ပာယ် | ၃၅ |
| ၂ | ဒီမိုကရေစီ လက်တွေ့ | ၄၀ |
| ၃ | နိုင်ငံရေးနှင့် နိုင်ငံရေးသမား | ၄၅ |
| ၄ | နိုင်ငံရေးခေါင်းဆောင်မှု ဘယ်လဲ | ၅၀ |
| ၅ | နိုင်ငံရေး ဘယ်လဲ | ၅၅ |
| ၆ | နိုင်ငံရေး အင်အားစုသစ် | ၆၀ |
| ၇ | အင်အားသစ် အဓိပ္ပာယ် | ၆၅ |
| ၈ | နိုင်ငံခြား လွှမ်းမိုးမှု အဓိပ္ပာယ် | ၇၀ |
| ၉ | ပါတီနှင့် ပါတီဝင် | ၇၅ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၁၀ | ယနေ့တိုက်ပွဲ | ၇၉ |
| ၁၁ | ဦးနု ဘယ်လဲ | ၈၄ |
| ၁၂ | ယနေ့ အကျပ်အတည်း | ၉၀ |
| ၁၃ | ငြိမ်းချမ်းရေး ရှုမြင်ကွင်း | ၉၆ |
| ၁၄ | ရာဇဝင် အမြင် | ၁၀၁ |
| ၁၅ | ပြန်လည် ဆန်းသစ်ရေး | ၁၀၆ |
| ၁၆ | ငြိမ်းချမ်းရေး လ | ၁၁၀ |
| ၁၇ | အနုပညာနှင့် ငြိမ်းချမ်းရေး | ၁၁၆ |
| ၁၈ | လက်နက်လျှော့ပေါ့ရေး ပြဿနာ | ၁၂၁ |
| ၁၉ | နတ်ဆား၏ အိပ်မပျော်သောည | ၁၂၆ |
| ၂၀ | ရောက်တတ်ရာရာ ... | ၁၃၁ |
| ၂၁ | ယနေ့ စာပေလောက | ၁၃၆ |
| ၂၂ | စာပေ၏ ဘောဂဗေဒ | ၁၄၀ |


mgyoe.com

mgyoe.com SAMPLE BOOK

## ဒဂုန်တာရာ၏
## ဘဝဖြစ်စဉ်နှင့် စာပေ

၁၉၁၉ – ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်အပိုင်၊ ကျိုက်လတ်မြို့အနီး၊ မွန်ရွာတစ်ရွာဖြစ်သော ထိုင်ကူမြစ်တန်းရွာတွင် ဖခင် ဦးဘအုန်းနှင့် မိခင် ဒေါ်ဖွားရှင်တို့မှ ၁၉၁၉ ခုနှစ်၊ မေ ၁၀ ရက်၊ စနေနေ့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် မွေးဖွားခဲ့သည်။ တစ်ဦးတည်းသောသားဖြစ်၍ အမည်ရင်းမှာ ဦးဌေးမြိုင် ဖြစ်သည်။

၁၉၂၅ – ရန်ကုန်မြို့၊ ၇ လမ်း၊ အောင်ဇေယျမင်္ဂလာအမည်ရှိ မြန်မာစာသင်ကျောင်းတွင် ပညာသင်ကြားသည်။

၁၉၂၇ – ကျိုက်လတ်မြို့၊ ကျိုက်လတ် အမျိုးသားကျောင်းတွင် ပညာသင်ကြားသည်။

၁၉၃၃ – တက္ကသိုလ် သိပ္ပံမဂ္ဂဇင်း၌ 'မှုန်ပြာရီ' ဝတ္ထုတိုကို 'မြိုင်သဇင်' ကလောင်အမည်ဖြင့် ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသည်။

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၃၄ – ဒဂုန်မဂ္ဂဇင်းတွင် 'ဒေါင်းမင့်သီဟာချီ' ရတုပိုဒ်စုံကို ပထမဆုံးကဗျာအဖြစ် ဖော်ပြခြင်းခံရသည်။

၁၉၃၆ – ဒုတိယ ကျောင်းသားသပိတ် ဖြစ်ပေါ်ပြီး ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပသော ပထမဆုံး ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားညီလာခံသို့ ကျိုက်လတ်မြို့ ကျောင်းသားကိုယ်စားလှယ်အဖြစ် တက်ရောက် သည်။

၁၉၃၇ – ရန်ကုန်မြို့ မက်သဒစ်အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပြီး ပညာဆက်လက်သင်ကြားရာ ၁၀ တန်း အောင်မြင်ခဲ့သည်။

၁၉၃၈ – ရန်ကုန်တက္ကသိုလ်၊ စစ်ကိုင်းဆောင်တွင် ပညာသင်ကြားရင်း စစ်ကိုင်းကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်း၊ မြန်မာဘာသာ စကားရည်လုပွဲ ဌာနမှူးဖြစ်သည်။

– ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာ အိပ်ချ်ဂျီဝဲလ်စ် (H. G. Wells) နှင့် လက်ဖက်ရည်ပွဲတွင် ပါဝင်သည်။

– မြန်မာနိုင်ငံ၏ ပထမဆုံး စာရေးဆရာအသင်းဖြစ်သည့် ဗမာပြည် စာရေးဆရာများ အစည်းအရုံး (Burma Writer's Union) တွင် အမှုဆောင်အဖြစ် ပါဝင်သည်။

– တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် ဆောင်းပါးရှင် 'ဦးတိုး' ဟူသော ကလောင်အမည်ဖြင့် စာပေဆောင်းပါးများ ရေးသားသည်။

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၃၉ – ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂတွင် အမှုဆောင်အဖြစ် ရွေးချယ်ခံရပြီး ပေါင်းသင်းဆက်ဆံရေးမှူးအဖြစ် ရွေးချယ်ခံရပြီး ပေါင်းသင်းဆက်ဆံရေးမှူး တာဝန်ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း အမှုဆောင်တစ်ဦးလည်း ဖြစ်သည်။

၁၉၄၀ – ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ ဝါဒဖြန့်ချိရေးမှူး၊

– တက္ကသိုလ်ကျောင်းသားများ သမဂ္ဂမှ ထုတ်ဝေသော အိုးဝေ မဂ္ဂဇင်း၏ အယ်ဒီတာ၊

– ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂမှ ထုတ်ဝေသော မျိုးညွန့်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်၊

– အင်းဝကျောင်းဆောင်မှ ထုတ်ဝေသော အင်းဝရဲခေါင် မဂ္ဂဇင်း၏ မြန်မာစာတည်း။

၁၉၄၁ – စာရေးဆရာ ဘီဗာလေးနစ်ကိုး၏ Self ကို မှီငြမ်း၍ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်သော 'မေ'ကို နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေသည်။ သခင်အောင်ဆန်း၏ တိုက်တွန်းချက်အရ ရဲဘော်သုံးကျိပ် ဂျပန်သို့သွားရောက်ပုံကို 'အရေးတော်ပုံရာဇဝင်'အမည်ဖြင့် ဖြစ်ရပ်မှန် သမိုင်းစာပေဟန် ဝတ္ထု ရေးခဲ့ပြီးသော်လည်း စာမူများ ပျောက်သွားသဖြင့် မထုတ်ဝေနိုင်ခဲ့ပါ။ နိုဝင်ဘာလတွင် မိခင်ဒေါ်ဖွားရှင် ကွယ်လွန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၄၆ – တာရာမဂ္ဂဇင်း(ဒီဇင်ဘာ၊ အမှတ် ၁)ကို တစ်အုပ်လျှင် တန်ဖိုး ၁ ကျပ်ဖြင့် ကိုယ်တိုင်ဦးစီး ထုတ်ဝေခဲ့သည်။

၁၉၄၇ – 'မေ' ဝတ္ထုကို ဒုတိယအကြိမ်အဖြစ် ဌေးမြိုင် စာအုပ်ဖြန့်ချိရေးမှ ထုတ်ဝေသည်။

၁၉၅၀ – မေလတွင် တာရာမဂ္ဂဇင်းကို ရပ်နားသည်။

– မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊

– စာပေသစ်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊

– ရုပ်ရှင်နှင့် ပြဇာတ် အစည်းအရုံး အမျိုးသား အကြံပေးအဖွဲ့ဝင်၊

– ယင်းနှစ်တွင် 'နတ်ရှင်နောင်'ပြဇာတ်ကို ကပြရာ နတ်ရှင်နောင် ရတုများမှ စာသားအချို့ကိုယူ၍ 'နွေနောင်းဝသန်'ဇာတ်ဝင်တေးအဖြစ် စပ်ဆိုခဲ့သည်။ သုခ သီဆို၍ ဂီတနက်သန် ကိုစောညိန်းက သံစဉ်ထည့်သွင်းခဲ့သည်။

၁၉၅၁ – သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

– ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၏ ယာယီဒုဥက္ကဋ္ဌ၊

– ကိုယ်ရေး အတ္ထုပ္ပတ္တိဖြစ်သော 'ဒဂုန်တာရာ၏ ဒဂုန်တာရာ'ကို ထုတ်ဝေသည်။

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၅၂ – ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌမှာ သခင်ကိုယ်တော်မှိုင်း ဖြစ်သည်။

– တရုတ်ပြည် ခရီးသွားမှတ်တမ်းဖြစ်သော 'ဂန္ဓာလရာဇ်' ကို ဇန်နဝါရီလတွင် ထုတ်ဝေသည်။

– မြန်မာ–ဆိုဗီယက် မိတ်ဆွေဖြစ်နှင့် ယဉ်ကျေးမှုအသင်း၏ ဒုဥက္ကဋ္ဌ၊

– ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိပြုစုရေး ကော်မတီအဖွဲ့ဝင်၊

– စာရေးဆရာ စာပေကလပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်။

– ဂန္ထဝင်ဂျာနယ် (Literary Gazette)၏ အယ်ဒီတာ။

၁၉၅၃ – ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ကျင်းပသော ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် တက်ရောက်သည်။

– ဆိုဗီယက် ရုရှား၊ ဂျော်ဂျီယာ၊ ယူကရိန်းနှင့် ချက်ကိုစလိုဗားကီးယား (ယခု ချက်သမ္မတနိုင်ငံတော်)သို့လည်းပတ်သည်။ ထိုအကြောင်းကို 'ဧည့်သည်တော်' ခေါင်းစဉ်ဖြင့် ရှုမဝမဂ္ဂဇင်းတွင် ရေးသားခဲ့သည်။

၁၉၅၅ – 'ရုပ်ပုံလွှာ' လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့သည်။

– မြန်မာနိုင်ငံလုံးဆိုင်ရာ ကော်မတီညီလာခံ၌ 'အရှေ့

mgyoe.com

mgyoe.com SAMPLE BOOK



တောင် အာရှနှင့် ငြိမ်းချမ်းရေး' စာတမ်းကို တင်သွင်းခဲ့သည်။

၁၉၅၆ – မြန်မာပြည်ဆိုင်ရာ အာရှစာရေးဆရာညီလာခံ ပြင်ဆင်ရေး ကော်မတီ အတွင်းရေးမှူး၊

– အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသော အာရှစာရေးဆရာညီလာခံသို့ မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူးအဖြစ် တက်ရောက်ခဲ့သည်။

– ထိုညီလာခံ၏ စာရေးဆရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကော်မတီ၏ သဘာပတိနှင့် ထိုညီလာခံ သဘာပတိအဖွဲ့၏ အတွင်းရေးမှူး အဖွဲ့ဝင်အဖြစ် တာဝန်ယူ၍ 'မြန်မာစာပေ'စာတမ်းကို ဖတ်ကြားသည်။

– ထိုအကြောင်းကို 'ရောဝတီမှ ယမုံနာ'သို့ ခေါင်းစဉ်ဖြင့် ရှုမဝမဂ္ဂဇင်းတွင် အခန်းဆက်ဆောင်းပါး ရေးခဲ့သည်။

၁၉၅၈ – 'စစ်နှင့် ငြိမ်းချမ်းရေး' ပြဇာတ်ကို ကြေးမုံ နေ့စဉ်သတင်းစာ (၂၇–၃–၁၉၅၈)တွင် ရေးသားဖော်ပြသည်။

၁၉၆၀ – အနှစ် ၄၀ ကျောင်းသားလှုပ်ရှားမှုသမိုင်း ပြုစုရေးကော်မတီဝင်။

၁၉၆၁ – အိန္ဒိယနိုင်ငံ၊ နယူးဒေလီတွင် ကျင်းပသော ကမ္ဘာငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးသို့ မြန်မာငြိမ်းချမ်းရေးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

– ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ကျင်းပသော ကမ္ဘာ

mgyoe.com

mgyoe.com SAMPLE BOOK



ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးသို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

– 'စပယ်ဦး' ဝတ္ထုတိုပေါင်းချုပ်ကို ငွေတာရီစာစဉ် ၇ အဖြစ် ထုတ်ဝေခဲ့သည်။

၁၉၆၂ – 'စပယ်ဦး' ဝတ္ထုတိုပေါင်းချုပ်စာအုပ်(၁၉၆၁)ဖြင့် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။ 'အလင်္ကာ' ကဗျာပေါင်းချုပ် ထုတ်ဝေခဲ့သည်။

– နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးညီလာခံတွင် အရှေ့တောင်အာရှ အခြေအနေ စာတမ်း (၁၉၅၅)၊ ယဉ်ကျေးမှု စာတမ်း (၁၉၅၇)၊ စည်းရုံးရေး စာတမ်း (၁၉၅၈)၊ စည်းရုံးရေး စာတမ်း (၁၉၆၂) တို့ကို ပြုစုတင်သွင်းခဲ့သည်။

– အမျိုးသားစာပေညီလာခံ ပြင်ဆင်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယင်းညီလာခံတွင် 'ဆိုရှယ်လစ် သရုပ်ဖော် စာပေ' စာတမ်းကို တင်သွင်းခဲ့သည်။

– မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူးတာဝန် ယူခဲ့သည်။

– ဖင်လန်နိုင်ငံ၊ ဟယ်လင်စကီးမြို့ရှိ ကမ္ဘာငြိမ်းချမ်းရေးကောင်စီ၏ အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။

၁၉၆၃ – မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ ဥက္ကဋ္ဌ၊

– ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံလုံးဆိုင်ရာ) ညီလာခံတွင် ဒုဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK



– 'ကြာပန်းရေစင်' ဝတ္ထု ထုတ်ဝေသည်။
– နိုဝင်ဘာ ၁၈ ရက်တွင် ထိန်းသိမ်းခံခဲ့ရသည်။
– 'ရုပ်ပုံလွှာ'စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။
၁၉၆၄ – 'လရောင်ရွှန်းမြသော ညတစ်ည'ဝတ္ထု ထုတ်ဝေခဲ့သည်။ ဆမ်မွားဆက်မွန် (W. Sommerset Maugham)၏ Up at the Villa ဝတ္ထုကိုမှီး၍ ရေးသားခဲ့ခြင်းဖြစ်သည်။
၁၉၆၇ – ဖေဖော်ဝါရီ ၅ ရက်တွင် ထိန်းသိမ်းခံရခြင်းမှ လွတ်မြောက်ခဲ့သည်။
– ဩဂုတ်လတွင် 'စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု'စာအုပ်ကို ထုတ်ဝေခဲ့သည်။
– နိုဝင်ဘာလတွင် 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' နှင့် 'သူ၏ကဗျာ'ကို ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။
၁၉၆၈ – အောက်တိုဘာလတွင် 'မှူးယစ်ဝေသော နွေဦးညများ' ဝတ္ထုတိုစာအုပ်ကို ထုတ်ဝေခဲ့သည်။
၁၉၆၉ – ဒီဇင်ဘာလတွင် 'ဒဂုန်တာရာ ဝတ္ထုတိုပေါင်းချုပ်'ကို ထုတ်ဝေခဲ့သည်။
၁၉၇၀ – မြန်မာ–ကိုရီးယား မိတ်ဆွေဖြစ်အသင်း ဒုတိယဥက္ကဋ္ဌ၊ 'စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု' ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။
၁၉၇၁ – ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရာပြည့်သဘင် ကျင်းပရေး ကော်မတီဝင်၊

mgyoe.com

mgyoe.com SAMPLE BOOK



– 'အယ်ဒီတာစားပွဲ၊ စာပေ၊ အနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်အိုု' စာအုပ် ထုတ်ဝေခဲ့သည်။

၁၉၇၂ – 'ဧရာဝတီ၊ ယန်စီ၊ ဗော်လဂါ'စာအုပ် ထုတ်ဝေခဲ့သည်။

၁၉၇၃ – အောက်တိုဘာလတွင် 'သဇင်သင်းပြန်တော့' စာအုပ် ထုတ်ဝေခဲ့သည်။

၁၉၇၄ – 'စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ်' စာအုပ် ထုတ်ဝေခဲ့သည်။

၁၉၇၉ – 'တိုခေတ်ကို ရောက်ရမည်မှာ မလွဲပါ'ဝတ္ထုစာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၈၁ – နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့် ရရှိခဲ့သည်။

၁၉၉၁ – 'မာယာ' ကဗျာပေါင်းချုပ် ထုတ်ဝေခဲ့သည်။

၁၉၉၂ – 'စပယ်ဦး' ဝတ္ထုတိုပေါင်းချုပ် ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။

၁၉၉၃ – 'ကြယ်ရိပ်ပန်းနု' ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေခဲ့သည်။

၁၉၉၄ – 'စိမ်းမြဧရာ' ဝတ္ထု ထုတ်ဝေခဲ့သည်။

၁၉၉၅ – 'စန္ဒရားဆရာ' ဝတ္ထု ထုတ်ဝေခဲ့သည်။

– 'သုနာပရန္တ' ဝတ္ထု ထုတ်ဝေခဲ့သည်။

၁၉၉၇ – 'ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ'၊

– 'စာပေစစ်တမ်း' (ဗညားသီဟ ကလောင်အမည်ဖြင့်)၊

– 'စိမ်းမြ ညတစ်ည' ဝတ္ထုတို့ကို ထုတ်ဝေခဲ့သည်။

၁၉၉၉ – 'အလှဗေဒ ၁' ဆောင်းပါးစာအုပ် ထုတ်ဝေပြီး အမျိုးသား

mgyoe.com

mgyoe.com SAMPLE BOOK



စာပေ (စာပဒေသာဆု) ရရှိခဲ့သည်။

၂၀၀၀ – 'မယ်ဇယ်ရနံ့ သင်းပျံ့မွေးရီ' စာအုပ် ထုတ်ဝေခဲ့သည်။

– ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု ရရှိခဲ့သည်။

– 'စိတ်ကြိုက် ဝတ္ထုတိုပေါင်းချုပ်' ထုတ်ဝေခဲ့သည်။

၂၀၀၄ – 'ကောက်သစ်ပေါ်ဦး'၊

– 'အလှဗေဒ ၂'၊

– 'မြိုင်ကေခိုင်သက်၊ ကြွေ၊ ဝေနှင့် ခင်မမမြိုင်'စာအုပ်များ ထုတ်ဝေခဲ့သည်။

၂၀၀၅ – 'ဒဂုန်တာရာ၏ ကဗျာပေါင်းချုပ်'ကို ထုတ်ဝေခဲ့သည်။

၂၀၁၀ – 'ရုပ်ပုံလွှာ'(တတိယအကြိမ်)၊

– 'နိုင်ငံရေး ယဉ်ကျေးမှု'(ဇွန်လ)တို့ကို ထုတ်ဝေခဲ့သည်။

၂၀၁၁ – 'ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာ ၂' (အောက်တိုဘာ)၊ 'ပန်းနုရောင် နှစ်ကာလများ'(ဒီဇင်ဘာ) စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။

၂၀၁၂ – ဒဂုန်တာရာနှင့် သူ၏ကဗျာ၊ တတိယအကြိမ်၊ (မေ)၊

– 'နေ့စဉ်မှတ်တမ်း'(ဇွန်လ)၊

– 'ခေမာသီရိ'(ဩဂုတ်လ)၊

– 'ရွှေအိုရောင် ပင်မရေစီး' (အောက်တိုဘာလ) တို့ကို ထုတ်ဝေခဲ့သည်။

၂၀၁၃ – ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ၊ ဒုတိယအကြိမ်၊ (မတ်)၊ တတိယအကြိမ်(၁၀၁၉)

mgyoe.com

mgyoe.com SAMPLE BOOK



- ‘ရွှေအိုရောင် ပန်းပွင့်များ’၊
- ‘ဖျတ်ခနဲ တွေ့ရသော ရုပ်ပုံလွှာ ၃’၊ (ဩဂုတ်)၊
- ‘ကိုအောင်ဆန်း’ စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။
- ဆရာဝန်တင်ရွှေ စာပေဆုကော်မတီ၏ ‘စာပေဂုဏ်ဆောင် စာပေဆု’ကို (Trader Hotel ၌ကျင်းပခဲ့)ကို ၁၆–၃–၂၀၁၃ နေ့၌ ရရှိ။
- ရသအလင်း ဖောင်ဒေးရှင်း(စင်ကာပူ)မှ ဂုဏ်ပြု လှူဒါန်းငွေ ကျပ်ငါးသိန်း ရရှိ။




ငြိမ်းချမ်းရေး ဖော်ဆောင်မှုဆု
(ManhaeGrand Prize, South Korea)

mgyoe.com

mgyoe.com SAMPLE BOOK





ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဆုပေးပွဲ အခမ်းအနား

- ငြိမ်းချမ်းရေး ဖော်ဆောင်မှုဆု (Manhae Grand Prize, South Korea)ကို ၁၁-၈-၂၀၁၃ နေ့တွင် ရရှိ။
- ဩဂုတ် ၁၉ ရက်၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်၊ အောင်ပန်းမြို့ နေအိမ်၌ ကွယ်လွန်ပြီး ၂၁-၈-၂၀၁၃ ရက်တွင် သင်္ဂြိုဟ်ပြီးစီးသည်။

ရှမ်းပြည်နယ်လိပ်စာ

အမှတ် ၉၁၊ ဈေးအနောက်ဘက်၊ ရွာင်စုရပ်၊ အောင်ပန်းမြို့၊ ရှမ်းပြည်နယ်(သာမိုင်းခမ်း)။

ရန်ကုန်လိပ်စာ

အမှတ် ၈၈/၂၊ ကရမက်လမ်း၊ ၁၄/ တောင်ဥက္ကလာပမြို့နယ် (ပန်းကြာဝတ်မှုန်)။

mgyoe.com

mgyoe.com SAMPLE BOOK



## ဒဂုန်တာရာ၏ ကလောင်ခွဲအမည်များ

၀၁။ ဒဂုန်တာရာ
၀၂။ တာရာ
၀၃။ ဦးဒဂုန်
၀၄။ ကျိုက်လတ်မြိုင်သဇင်
၀၅။ ခင်စန်းအောင်
၀၆။ ခင်မေဆက်
၀၇။ ဂီတအယ်ဒီတာ
၀၈။ နိုင်ငံခြားအယ်ဒီတာ
၀၉။ ပန်းချီအယ်ဒီတာ
၁၀။ နိုင်ငံရေး အကဲခတ်သမား
၁၁။ နိုင်ငံရေး သတင်းထောက်တစ်ဦး
၁၂။ စာပေ အကဲခတ်သမား
၁၃။ စောတင့်မှူ
၁၄။ စောထွတ်

mgyoe.com

mgyoe.com SAMPLE BOOK



၁၅။ စောရန်နောင်
၁၆။ ငွေးမြိုင်
၁၇။ တက္ကသိုလ်မောင်နန်းနွယ်
၁၈။ ဒဂုန် မြိုင်သဇင်
၁၉။ နှင်းလွင်
၂၀။ ဗညားနွဲ့
၂၁။ ဗညားသီဟ
၂၂။ ဘိုးဒဂုန်
၂၃။ ဖြူဆင့်
၂၄။ မောင်ကြာညွန့်
၂၅။ မောင်ချို
၂၆။ မောင်ဂီတ
၂၇။ မောင်ဂန္ထဝင်
၂၈။ မောင်စ
၂၉။ မောင်စန်းထိုက်
၃၀။ မောင်စန်းအောင်
၃၁။ မောင်စိမ်းမြ
၃၂။ မောင်ငွေးမြိုင်
၃၃။ ရိုးမ
၃၄။ မောင်နန်းနွယ်
၃၅။ မောင်ဘတင့်

mgyoe.com

mgyoe.com SAMPLE BOOK



၃၆။ မောင်မျိုးသန့်
၃၇။ မောင်ရန်နောင်
၃၈။ မောင်လင်းထက်
၃၉။ မောင်သစ္စာ
၄၀။ မောင်သန္တ
၄၁။ မောင်အံ့ဘွယ်
၄၂။ မြိုင်
၄၃။ မြိုင်သဇင်
၄၄။ ရွှေဟသ်ာ
၄၅။ သင်းသင်းမင်း
၄၆။ ရောဘတ်ဗေလုဝ
၄၇။ မောင်ဒွေးမြိုင် (တက္ကသိုလ်ကျောင်းတိုက်)
၄၈။ မြိုင်သဇင်
(တိုင်းရင်းသားတန်းမြင့်ကျောင်း၊ ကျိုက်လတ်မြို့)
၄၉။ သပိတ်မှောက် ကျောင်းသားဟောင်းတစ်ဦး
၅၀။ သတင်းထောက်တစ်ဦး
၅၁။ သမဂ္ဂအမှုဆောင်တစ်ဦး
၅၂။ သူမ၏မိတ်ဆွေ
၅၃။ သူမ၏မိတ်ဆွေတစ်ဦး
၅၄။ ရှုမဝ ရွေးချယ်ရေးအဖွဲ့ဝင်တစ်ဦး
၅၅။ ဆောင်းပါးရှင် ဦးတိုး

mgyoe.com

mgyoe.com SAMPLE BOOK



## ကဗျာများ ရေးသားရာတွင် သီးသန့်အသုံးပြုခဲ့သော ကလောင်ခွဲအမည်များ

၀၁။ ဒဂုန်တာရာ
၀၂။ တာရာ
၀၃။ မြိုင်
၀၄။ မြိုင်သဇင်
၀၅။ စောရန်နောင်
၀၆။ ခင်စန်းအောင်
၀၇။ မောင်နန်းနွယ်
၀၈။ ဖြူဆင့်
၀၉။ မောင်မျိုးသန့်
၁၀။ ကျိုက်လတ် မြိုင်သဇင်
၁၁။ မောင်သစ္စာ
၁၂။ ဒဂုန်မြိုင်သစ္စာ
၁၃။ မြိုင်သဇင်
(တိုင်းရင်းသား တန်းမြင့်ကျောင်း၊ ကျိုက်လတ်မြို့)
၁၄။ သင်းသင်းမင်း

mgyoe.com

mgyoe.com SAMPLE BOOK



## ဒဂုန်တာရာ၏ စာပေလက်ရာများ
## (သီးသန့် လုံးချင်းစာအုပ်များ)

၀၁။ မေ

၁၉၄၁၊ ၁၉၄၇၊ ၁၉၆၁၊ ၁၉၇၀၊ ၁၉၉၈၊ ၂၀၀၂၊ ၂၀၁၃၊ ၂၀၁၆။

၀၂။ မြိုင် ၁၉၄၈၊ ၁၉၉၇၊ ၂၀၀၂။

၀၃။ ဒဂုန်တာရာ (နှင့် သူ၏ကဗျာ) ၁၉၅၁၊ ၁၉၆၇။

၀၄။ ဂန္ဓာလရာဇ် ၁၉၅၂။

၀၅။ ကြာပန်းရေစင် ပထမအကြိမ် (၁၉၆၃)

ဒုတိယအကြိမ် ကြယ်နီဝါစာအုပ်တိုက်။

၀၆။ ရုပ်ပုံလွှာ ၁၉၅၅၊ ၁၉၆၃၊ ၂၀၁၀။

၀၇။ စပယ်ဦး (ဝတ္ထုတိုများ)

ပထမအကြိမ် (ငွေတာရီစာစဉ်)၊ ၁၉၆၁

ဒုတိယအကြိမ် (အလင်းတိုက်စာပေ)၊ ၁၉၉၂

mgyoe.com

mgyoe.com SAMPLE BOOK



တတိယအကြိမ် (နေရီရီစာပေ)။ ၂၀၁၀
၀၈။ အလင်္ကာ (ကဗျာပေါင်းချုပ်) ၁၉၆၂၊ ၂၀၁၃ (မန္တလေး ရာပြည့်ထုတ်)။
၀၉။ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု ၁၉၆၇။
၁၀။ မူးယစ်ဝေသော နွေဦးညများ (ဘာသာပြန်ဝတ္ထုတို)၁၉၆၈၊ ၁၉၉၆၊ ၂၀၀၂၊ ၂၀၁၉။
၁၁။ ဝတ္ထုတိုပေါင်းချုပ် ပုဂံစာအုပ်တိုက်၊ ၁၉၆၉၊ ၁၉၇၇။
၁၂။ အယ်ဒီတာစားပွဲ၊ စာပေ၊ အနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်အို ၁၉၇၀။
၁၃။ စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ် ၁၉၇၀။
၁၄။ ဧရာဝတီ၊ ယန်စီ၊ ဗော်လဂါ ပုဂံစာအုပ်တိုက်၊ ၁၉၇၂။
၁၅။ တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ ၁၉၇၉၊ ၂၀၁၃။
၁၆။ သဇင် သင်းပြန်တော့ ၁၉၇၄။
၁၇။ သုနာပရန္တ ၁၉၈၇၊ ၁၉၉၅။
၁၈။ စိမ်းမြရော ၁၉၈၇၊ ၁၉၉၄။
၁၉။ မာယာ (ကဗျာများ) ၁၉၉၁။
၂၀။ ကြယ်ရိပ်ပန်းနု (ဝတ္ထုတိုများ) ၁၉၉၃၊ ၂၀၀၄။
၂၁။ စန္ဒရားဆရာ၊ သို့မဟုတ် မဟာအချစ် ၁၉၉၅၊ ၂၀၀၄။
၂၂။ လရောင်ရွှန်းမြသော ညတစ်ည ၁၉၉၅။

mgyoe.com

mgyoe.com SAMPLE BOOK



၂၃။ အိပ်မက်အပြင်ကလူ (ကြည်အေးနှင့်) ၁၉၉၆။
၂၄။ သုံးနှစ်သုံးမိုး၊ ပိုးထီးငုဝါပွင့်၊ အပြာနု ၁၉၉၆။
၂၅။ စာပေစစ်တမ်း (ဗညားသီဟ) ၁၉၉၇။
၂၆။ မှန်ကွဲစများပေါ်၌ လမ်းလျှောက်ခြင်း ၁၉၉၇။
၂၇။ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ ၁၉၉၇၊
၂၀၀၉။
၂၈။ စိမ်းမြ ညတစ်ည ၁၉၉၇။
၂၉။ အလှဗေဒ ၁၉၉၉။
၃၀။ စိတ်ကြိုက် ဝတ္ထုတိုပေါင်းချုပ်သစ် ၂၀၀၀၊ ၂၀၀၉။
၃၁။ မယ်ဇယ်ရနံ့ သင်းပျံ့ရီဝေ ၂၀၀၀။
၃၂။ ကောက်သစ်ပေါ်ဦး ၂၀၀၄။
၃၃။ မြကေခိုင်သက်၊ ကြွေ၊ ဝေနှင့် ခင်မမမြိုင် ၂၀၀၄။
၃၄။ အလှဗေဒ ၂ ၂၀၀၄။
၃၅။ ကဗျာပေါင်းချုပ် (စုပေါင်းပုံနှိပ်ခြင်း) ၂၀၀၅။
၃၆။ နိုင်ငံရေး ယဉ်ကျေးမှု ၂၀၁၀။
၃၇။ ပန်းနုရောင် နှစ်ကာလများ ၂၀၁၁။
၃၈။ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာများ၂ ၂၀၁၁။
၃၉။ နေ့စဉ်မှတ်တမ်း
စံပယ်စာအုပ်တိုက် (၂၀၁၂)
ဒဂုန်တာရာ၏ ငြိမ်းချမ်းရေးပန်ကြားလွှာ (၀၁၊ ၀၂၊ ၀၃၊
၀၄၊ ၀၅) ပူးတွဲ ပါဝင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



၄၀။ ခေမာသီရိ (နေရီရီ)၊ ၂၀၁၂။
၄၁။ ရွှေအိုရောင် ပင်မရေစီး ၂၀၁၂။
၄၂။ ဖျတ်ခနဲ တွေ့ရသော ရုပ်ပုံလွှာများ(၃) နေရီရီ၊ ၂၀၁၃။
၄၃။ ရွှေအိုရောင် ပန်းပွင့်များ ၂၀၁၃။
၄၄။ ကိုအောင်ဆန်း ၂၀၁၃။

mgyoe.com

mgyoe.com SAMPLE BOOK



# ဒဂုန်တာရာ၏ မေးခွန်းတွေ
## ဟံသာဝတီ ဦးဝင်းတင်

(၁)

'ဒဂုန်တာရာရဲ့ ကြေးမုံဆောင်းပါးတွေ စုထားတာရှိတယ်။ စာအုပ်ထုတ်မယ်ဗျာ။ သုံးသပ်ချက်လေး ရေးပေးပါဦး'

ဒဂုန်တာရာရဲ့ အရင်းနှီးဆုံး အရပ်သားရဲဘော်ကြီး၊ ကျွန်တော်နဲ့လည်း ခင်မင်တဲ့ မိတ်ဆွေကြီးက ကမ်းလှမ်းလာတယ်။ သူက စာပေလည်း ဝါသနာထုံ၊ နိုင်ငံရေးလည်း စိတ်ပါ၊ အပေါင်းအသင်းကလည်း အလွန်ခင်၊ အရမ်းကူတတ်သူ။ သဘော်အရာရှိ အငြိမ်းစား။ နိုင်ငံရေးဆွေမျိုး အသိုက်အဝန်းထဲကလူ။ အဘဝါးခယ်မ သခင်သိန်းဖေတို့၊ သခင်သိန်းမောင်တို့၊ သခင်အုန်းမြင့်တို့၊ လူထုစိန်ဝင်းတို့ရဲ့ နိုင်ငံရေး၊ စာပေရေး သံသရာထဲ ဝဲလှည့်စီးမျောနေသူ။

mgyoe.com

mgyoe.com SAMPLE BOOK

၂၆

'ရေးတာပေါ့ဗျာ'

ကျွန်တော့်အဖို့တော့ ဒီကာလတွေမှာ နိုင်ငံရေးကိစ္စ၊ စာပေကိစ္စ၊ စာနယ်ဇင်းကိစ္စ၊ အသံလွှင့်မီဒီယာကိစ္စတွေနဲ့ လုံးလည်လိုက်နေတာ ကြာပေါ့။ နားညည်း၊ ခေါင်းပူ၊ ရင်ဆူ၊ လူမောဖြစ်လာတယ်။ အင်း ... အင်း ...၊ ခေါင်းညိတ်လိုက်ရုံပါပဲ။ လက်က မပါ၊ စာက မထွက်။

ဒီလိုနဲ့ ရက်ပိုင်းလပိုင်းအတွင်း ကိုဌေးမြိုင်တစ်ယောက် သူချစ်တဲ့ လူ့ဘောင်ထဲက ကွယ်ဆုံးပါလေရော။ (ကျွန်တော်က ဒဂုန်တာရာနဲ့ ရင်း–တွဲလာခဲ့တာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ သူ့ကို 'ဆရာတာ'လို့ သူများတကာလို ချစ်စနိုးခေါ်တာထက် ကိုဌေးမြိုင်လို့ပဲ ခေါ်တယ်)

'ကြေးမုံ'ဆောင်းပါးတွေက ၁၉၅၈–၅၉ လောက်က ကိုဌေးမြိုင် ရေးခဲ့တဲ့ ဆောင်းပါးအချို့ ဖြစ်တယ်။ အဲဒါတွေ ပြန်ဖတ်ရတော့ ပုဂ္ဂိုလ်အလွမ်း၊ စာပေအလွမ်း၊ နိုင်ငံရေးအလွမ်းလေးတွေကို ရင်ထဲမှာ ပြန်လည်စိမ်းစိုရတယ်။

နှစ် ၅၀ လောက် သူ့ဆောင်းပါးတွေကပေးတဲ့ အလွမ်းလေးတွေ ရင်ထဲမှာ ဝေ့ဝဲသင်းထုံလာတယ်။ ခံစားရင်း တွေးမြင်မိတာတစ်ခု ထင်းထင်းပေါ်တယ်။

ကိုဌေးမြိုင်ဟာ ကဗျာဆရာ ဖြစ်တယ်။ စာရေးဆရာ ဖြစ်တယ်။ ဂီတအသံလည်း ဖြစ်တယ်။ ပန်းချီအရောင်လည်း ဖြစ်တယ်။ ဒီလိုပဲ ကျွန်တော်တို့အားလုံး အနှစ်ချုပ် သိမှတ်ကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



တကယ်က ကိုဌေးမြိုင်ဟာ နိုင်ငံရေးစာရေးဆရာပဲ။ နိုင်ငံရေး ရပ်တည်ချက်နဲ့ နိုင်ငံရေးအတွက်၊ နိုင်ငံရေးအတွေးအခေါ်တွေ၊ သဘောတရားတွေ၊ ရပ်တည်ချက်တွေကို ရေးနေသူပဲ။

ဒီသဘောကို 'ကြေးမုံ' ဆောင်းပါးတွေမှာ တွေ့နိုင်တယ်။ အဲဒီဆောင်းပါးတွေမှာ ကိုဌေးမြိုင်ပြောတဲ့ သူ့နိုင်ငံရေးက ဘာလဲ၊ ဘယ်လိုလဲ၊ ဘာကြောင့်လဲ။

အချုပ်ကတော့ သူ့နိုင်ငံရေးက လူထုနိုင်ငံရေး ဖြစ်တယ်။ ကျွမ်းကျင်၊ ဉာဏ်ရှိ၊ စေတနာကောင်း၊ သန့်စင်တဲ့ အားသစ်နိုင်ငံရေး ဖြစ်တယ်။ ကိုယ်ကျိုးမရှာ၊ သန့်ရှင်းသောနိုင်ငံရေး ဖြစ်တယ်။ ငြိမ်းချမ်းရေးနိုင်ငံရေး ဖြစ်တယ်။ ရဲရင့်ပြတ်သားသော ခေါင်းဆောင်မှုနိုင်ငံရေး ဖြစ်တယ်။

ကိုဌေးမြိုင်ဟာ အဲဒီနိုင်ငံရေးအမြင်၊ နိုင်ငံရေးဦးတည်ချက်တွေနဲ့ နိုင်ငံရေးဆောင်းပါးတွေ ရေးခဲ့တယ်။ နိုင်ငံရေးစာရေးဆရာအဖြစ် ရပ်တည်ခဲ့တယ်။ သူ့ရဲ့ နိုင်ငံရေးစာပေတွေကို မောင်သစ္စာ စတဲ့ ကလောင်နာမည်တွေနဲ့လည်း တထွေးတပိုက်ကြီး ရေးခဲ့တယ်။

သူ့ရဲ့ နိုင်ငံရေးစာပေတွေကပြောတဲ့ လူထုနိုင်ငံရေးတွေဟာ ဒီနေ့အထိ သက်ရှင်ဖြစ်တည်နေတုန်းပဲ။ သေပျောက်မသွားသေးဘူး။ ငြိမ်းပြယ်မျောလွင့် မသွားသေးဘူး။

mgyoe.com

mgyoe.com SAMPLE BOOK



(၂)

ကိုဌေးမြိုင်ရဲ့ ၂၀ ရာစု နိုင်ငံရေးအတွေးအခေါ်၊ အယူအမှတ်တွေကို ပြန်ဖတ်ရင်း စဉ်းစားမိတာတစ်ခု ပေါ်တယ်။

ဒီနေ့ ၂၁ ရာစုမှာ နိုင်ငံရေးအသစ်၊ အဟောင်း ဘာတွေပြောင်းသလဲ။ ဘာတွေ မြင့်၊ ဘာတွေ ပွင့်သလဲ။ ဘာတွေ ငုပ်၊ ဘာတွေ ဆုတ်သလဲ။ ဘာတွေ ငုံကင်း၊ ဘာတွေ ဒုံရင်းလဲ။ ဘာတွေ ညစ်ညမ်း၊ ဘာတွေ သစ်ဆန်းသလဲ။ ဘာတွေ ဆပ်ဆော့၊ ဘာတွေ ထပ်ကြော့သလဲ။ ဘာတွေ သိုက်ဘုံ၊ ဘာတွေ အမှိုက်ပုံ ဖြစ်လာသလဲ။

အားလုံး သိတဲ့အတိုင်း ဒီနေ့ခေတ်မှာ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်လာပြီဆိုသကိုး။ ဘာသာပြန် နိုင်ငံရေးသင်ပုန်းကြီး ဆရာတွေကလည်း ဂုရုကဝိ၊ ဒီသာပါမောက် ဂိုက်ဖမ်းပြီးနေကြတယ်။ ကာလပေါ် နိုင်ငံရေးစာပေ ဘာသာပြန် ရတနာသိုက်တွေကို တဗျန်းဗျန်း ကြိမ်ဆော် ရိုက်ဖွင့်နေကြတယ် မဟုတ်လား။

ကာလပေါ် နိုင်ငံရေးစာတွေပေတွေမှာ စတိုတ်ဟိုဒါတွေ၊ အင်စတီကျူးရှင်းတွေ၊ ဘာတွေညာတွေဆိုတဲ့ နိုင်ငံရေးဝေါဟာရဆန်းတွေ၊ လုပ်ငန်းစဉ်သစ်တွေ၊ အဓိပ္ပာယ်မြင့်တွေကို စားပိုးနင့်အောင် ဝါးချေမျိုချနေရတယ်။ နားတော့ မလည်လှပါဘူး။ နောက်ဆုံး လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်က ဒဂုန်တာရာ ရေးခဲ့သလိုပါပဲ။ လက်ဝဲ၊ လက်ယာ၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေးသစ် နိုင်ငံရေးဟောင်း ဆိုတာတွေမှာပဲလမ်းဆုံးကြတာပါပဲ။ ခေတ်နဲ့တစ်ပြေးညီ တွေးခေါ်

mgyoe.com

mgyoe.com SAMPLE BOOK



မှန်းဆ ရေးညွှန်ကြတာဆိုတော့ ကောင်းပါတယ်လို့ပဲ ပြောရမှာပါ။

တစ်ခုပဲ ပြောစရာရှိတယ်။

ခေတ်သစ် နိုင်ငံရေးလှုပ်ရှားသူတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေဟာ စစ်နိုင်ငံရေး ရေစုန်မျှောအားသန်လွန်းနေကြတယ်လို့ ပြောရမလို ဖြစ်နေကြတာပါပဲ။

'အစိုးရ ဆန့်ကျင်ရင်ကိုပဲ ဒီမိုကရေစီထူထောင်မယ့် နိုင်ငံရေးစကားလို ဖြစ်နေတယ်။ ပြောင်းလဲလာတဲ့ (နိုင်ငံရေး) အခြေအနေသစ်က 'နိုး'လုပ်လို့ မရဘူး။ ဘာလုပ်မှာလဲဆိုတဲ့ အဖြေပြောဖို့လိုတယ်'တဲ့။

အဖြေက ရှင်းပါတယ်။ ကိုဌေးမြိုင် ဒီဆောင်းပါးတွေ ရေးတုန်းကအတိုင်းပဲ ထပ်ပြောမယ်။ ဒီနေ့ နိုင်ငံရေးဟာ နိုင်ငံရေးဟောင်းပဲ။ အာဏာ နိုင်ငံရေးပဲ။ ကိုယ်ကျိုးရှာ နိုင်ငံရေးပဲ။ စစ်တပ်အင်အား နိုင်ငံရေးပဲ။ အမိုက်ပုံ နိုင်ငံရေးပဲ။

အသေးစိတ် ရှင်းပြမနေတော့ပါဘူး။ အမိုက်ပုံ နိုင်ငံရေးဆိုတာတစ်ခုပဲ စဉ်းစားကြည့်ပါ။

မြန်မာပြည် နိုင်ငံရေးမှာ တူညီသော ရည်မှန်းချက်ထားကြတဲ့ နိုင်ငံရေး အင်အားစုတွေ အားလုံးဟာ ညီညွတ်ရေးစကားပြောခဲ့ကြတယ်။ ညီညွတ်ရေးလမ်းကြောင်း ရှာခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးလိုမျိုးပေါ်ပေါက်ခဲ့တယ်။ မအောင်မမြင် ရှုံးကျမှုတွေလည်း ကြုံခဲ့တယ်။ အဲဒီအားထုတ်မှုတွေရဲ့ အခြေခံလုပ်ငန်းဟာ နိုင်ငံရေး တပ်ပေါင်း

mgyoe.com

mgyoe.com SAMPLE BOOK



စုကြီးတွေ ဖွဲ့ဖို့၊ အနိမ့်ဆုံးအားဖြင့် နိုင်ငံရေး ပူးတွဲလုပ်ငန်း ကော်မတီတွေ ဖွဲ့ဖို့ ဖြစ်တယ်။ (Political Joint Action Committee - JAC) ရှစ်လေးလုံး အရေးတော်ပုံကာလမှာ JAC တွေ ပူးပေါင်း လှုပ်ရှားနိုင်ခဲ့ကြတယ်။ အဓိက နိုင်ငံရေးလုပ်ငန်းစဉ်ကတော့ တူတာ တွဲလုပ်၊ မတူတာ ခွဲလုပ်ပဲ။

ဒီနိုင်ငံရေး လုပ်ငန်းစဉ်ဟာ ဒီနေ့ အသက်ဆက်ရှင်နေတယ်။ ၂၀၀၈ အခြေခံဥပဒေကို ဦးထိပ်ပန်ဆင် ဒီမိုကရေစီ ရွှေရည်စိမ် မကိုင်ဆောင်းထားတဲ့ ခေတ်ဆိုတော့ ပြဿနာက သဗ္ဗရနှာမ်ပေါင်းပေါ့။ ဒီလို နိုင်ငံရေးအခြေအနေမှာ အစိုးရရဲ့ နိုင်ငံရေးမူဝါဒ သဘောထားက 'တူတာတွေ တွဲလုပ်ကြစို့၊ မတူတာတွေ ခွဲချန်ထားကြစို့' ဖြစ်တယ်။ ဒါကို အားလုံးလိုလိုသော ဒီမိုကရေစီအစစ်၊ အတု နိုင်ငံရေး အင်အားစုတွေက သာဓုအနုမောဒနာ ခေါ်ကြတယ်။ ကောင်းချီးသြဘာ ပေးကြတယ်။ ဆလမ်မာလေးကွန်းကြတယ်။ ဂေါ့ဆေ့ သမ္မတကြီး လုပ်ကြတယ်။ အဲဒီမူဝါဒက သမ္မတကြီးကိုယ်တိုင် ထုတ်ပြန်ကြေညာ အမိန့်ချမှတ်ခဲ့တာကိုး။

အကျိုးရလဒ်က ဘာလဲ။ တူတာလေးတွေ လုပ်ကြကိုင်ကြပေါ့။ ဒါပေမဲ့ မတူတာတွေကတော့ တစ်ပြည်လုံး လူထုအလွှာစုံမှာ ပြောင်းဆန်မောင်းလန်ပေါ့။ ပြဿနာအမှုန်အမွှားကလေးတွေတော့ ဥုံဖွ ပျောက်စေပေါ့။ ပြဿနာ အနန္တတွေကတော့ ဆင်ခေါင်း ခွေး မချီနိုင်၊ ဆရာ မနိုင် အဆောင်နှစ်ထပ်ပြိုင် ဖြစ်နေတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK



ဒီလို နိုင်ငံရေး ဝင့်နာကံနာမျိုးကို ဘယ်လိုကုစားကြမလဲ။ ကိုဌေးမြိုင်ကတော့ စစ်စစ်မှန်မှန် ဒီမိုကရေစီ အင်အားကောင်းလာအောင် လုပ်ရမယ်။ အဲဒီတာဝန်ဟာ နိုင်ငံရေးခေါင်းဆောင်မှုရဲ့ တာဝန်ပဲလို့ ညွှန်းဆိုခဲ့တယ်။

'ဤတာဝန်ကို မည်သူတို့ ထမ်းဆောင်ကြမည်နည်း'လို့ မေးခွန်းထုတ်ခဲ့တယ်။

သူ ကွယ်လွန်သွားတဲ့ အချိန်အထိလည်း ဒီမေးခွန်းကို ချန်ရစ်ခဲ့တယ်။ ကျွန်တော်ကတော့ 'ချန်ရစ်ခဲ့တယ်'လို့ မပြောချင်ဘူး။ ဒဂုန်တာရာက တမလွန်ကနေ မေးမြဲ မေးနေဆဲပဲ ဖြစ်တယ်လို့ ပြောချင်တယ်။

(၃)

ကိုဌေးမြိုင်ရဲ့ 'ကြေးမုံ'ဆောင်းပါးတွေကို ပြန်ဖတ်ရတော့ နှစ် ၅၀ ကျော်က နေရာတကာမှာ နိုင်ငံရေးဖွဲ့ခတ်ပုံလေးတွေကို အမှတ်ရမိပြီး ပြုံးမိတယ်။

အဲဒီအချိန်က ကိုဌေးမြိုင်က 'ကြေးမုံ'ကို ဆောင်းပါးတွေ ပို့တယ်။ 'ကြေးမုံ' လူတွေက လက်သင့်မခံချင်ကြဘူး။ 'ကြေးမုံ' အများစုကလည်း အားလုံးလိုလို အလံနီ ကွန်မြူနစ်တွေ၊ သခင်စိုးဂိုဏ်းသားတွေ။ နိုင်ငံရေး အစွဲသန်တယ်။ အယူပြင်းတယ်။ သူတို့က ကိုဌေးမြိုင်နဲ့ ကျောင်းတော်က ရန်စတွေ ရှိတယ်။ စာရေးဆရာအသင်းမှာ နိုင်ငံရေး စစ်ခင်းခဲ့ကြသူတွေကိုး။ သူတို့က

mgyoe.com

mgyoe.com SAMPLE BOOK



အလံနီ (သခင်စိုး) ဂိုဏ်း၊ ကိုဌေးမြိုင်က အလံဖြူ (သခင်သန်းထွန်း) ဂိုဏ်းလို့ အစွဲအတေးရှိခဲ့တယ်။ ကိုဌေးမြိုင်က စာရေးဆရာအသင်း ဥက္ကဋ္ဌဖြစ်လာချိန်က စာနယ်ဇင်းတွေက စာရေးဆရာအသင်း ကလောင်နီစီးပြီလို့ ရေးခဲ့ကြတယ်။ အနီချင်းက မတူလေတော့ သူ့ဆောင်းပါးတွေကို ကြေးမုံက လက်သင့်မခံချင်ကြဘူးပေါ့။

ကျွန်တော်ကတော့ ဘာသိမလဲ။ စာကောင်း၊ မကောင်းပဲကြည့်တယ်။ ဒဂုန်တာရာနာမည်နဲ့ရေးပို့တော့ ကောင်း၊ မကောင်းပြောနေစရာမလိုတော့ဘူးပေါ့။ ဒီတော့ ကျွန်တော်က သူ့ဆောင်းပါးတွေကို ပုံမှန်သုံးတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း အလံဖြူကွန်မြူနစ်တံဆိပ် ကပ်ခံရရော။ နောင်တော့ စစ်ထောက်လှမ်းရေးက တံဆိပ်ကို အရောင်တင်၊ စာလုံးကို ပုံကြီးချဲ့၊ လူကို လက်ညှိုးထိုးတော့တာပါပဲ။ ဒီလိုနဲ့ ကျွန်တော်လည်း သတင်းစာဆရာဘဝလူမွေးလူတောင် မတောက်မပြောင်ခင်မှာပဲ ကွန်မြူနစ်ယောင်ယောင် စာရင်းဝင်ပါလေရော။

အဲဒီတံဆိပ်ဟာ ကျွန်တော့်ရဲ့ သတင်းစာဆရာဘဝ တစ်လျှောက်လုံး အလံတလူလူ ဖြစ်ခဲ့တယ်။ နိုင်ငံရေးထဲရောက်တော့လည်း အရောင်တပြောင်ပြောင် ဖြစ်ခဲ့တယ်။ ထောင်ထဲ ရောက်သွားတော့လည်း လူတနီနီ ဖြစ်ရပြန်တယ်။ ကျွန်တော့်ကို တရားစွဲ ရုံးတင်စစ်ချိန်မှာ စစ်ထောက်လှမ်းရေးက 'စာအုပ်နီ' ထုတ်တယ်။ 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းတင်

mgyoe.com

mgyoe.com SAMPLE BOOK



ဆိုတာ ကွန်မြူနစ်ကြီးပါဗျို့။ ဒိုင်း ... ဒိုင်း ...' (မောင်းထုသံ ဒူဒူ ထက် လက်သံပြင်းတယ်။)

ကျွန်တော် ဘယ်တုန်းကမှ ကွန်မြူနစ်မဖြစ်ဖူးဘူး။ ကြောက်လို့ လျှိုကွယ်ပြောတာမဟုတ်။ မဖြစ်ဘဲနဲ့ ဖြစ်တယ် (မနစ်ဘဲနဲ့ နစ်တယ်) ပြောရမှာ ကွန်မြူနစ်တွေကို အားနာလို့၊ ရှက်လို့။ နိုင်ငံရေးအကဲဆတ်၊ ဖွဲ့ခတ်၊ အရဲ (အနီ) မှတ်ကျောက်တင် ပြိုင်ကြတဲ့အခါကိုး။ ရှိပါစေတော့ပေါ့။ ခေတ်သဘော စစ်ကြောသိရှိစေချင်လို့ ပြောတပါ။ ဘယ်လို စိတ်အချဉ်စိတ်လေးမှ မပေါက်ပါဘူး။ ပေါက်စရာလည်း မရှိပါဘူး။ ဒီနိုင်ငံမှာ အနီလည်း မနီတော့ဘူးလို့ ပြောရမလား။ အဖြူလည်း မဖြူတော့ဘူးလို့ ပြောရမလား။ (ကွန်မြူ)နစ်လည်း မနစ်တော့ဘူးလို့ ပြောရမလား။ မသိတော့သလိုအချိန်မျိုး ရောက်နေပြီလေ။

နောက်တစ်ခု အမှတ်ရတာက ဒီဆောင်းပါးတွေထဲမှာပါတဲ့ 'နတ်ဆား၏ အိပ်မပျော်သောည' ကိစ္စပါ။ အီဂျစ်တော်လှန်ရေးစစ်အာဏာသိမ်းခေါင်းဆောင် ဂမားအက်ဘဒယ်နတ်ဆား (၁၉၁၈ မွေး) အီဂျစ်မှာ အာဏာသိမ်းတယ်။ ၁၉၅၆၊ အာဏာသိမ်းကာလလုပ်ကြံမှုတွေ စီမံချိန်က အတွေ့အကြုံတစ်ခုကို ရေးပြတယ်။ လုပ်ကြံခဲ့တဲ့ည သူ အိပ်မပျော်ပုံတွေကို သူ့စာအုပ်ထဲမှာ ရေးပြတယ်။

သူ့စာအုပ်က 'တော်လှန်ရေး အဘိဓမ္မာ'တဲ့။ (The Philosophy of Revolution) အဲဒီစာအုပ်ကို ကျွန်တော် လန်ဒန်

mgyoe.com

mgyoe.com SAMPLE BOOK



မြို့မှာ ဝယ်ခဲ့တယ်။ ရန်ကုန်ပြန်ရောက်တော့ မိတ်ဆွေတွေကို ဝေဖတ်တယ်။ ကိုဌေးမြိုင်လက်ထဲ စာအုပ်ရောက်တော့ သူက ဆောင်းပါးရေးတယ်။ 'ကြေးမုံ' ပို့တယ်။

လူသားစိတ်အခံရှိတဲ့ အာဏာသိမ်းသမား ညဲ အိပ်မပျော်ခဲ့ဘူး ဆိုပါကလား။ ကျွန်တော်တို့နိုင်ငံက စစ်အာဏာသိမ်းသမားတွေကော၊ လုပ်ကြံမှုပေါင်းများစွာ စီမံ စက်ပုန်းခုတ်သူတွေကော နတ်ဆားလို လူသားစိတ်ဓာတ် ရှိကြရဲ့လား။ သူတို့ရော အိပ်မပျော်တဲ့ညတွေ ဖြတ်သန်းခဲ့ကြဖူးပါရဲ့လား။

ဒီမေးခွန်းကိုလည်း ကိုဌေးမြိုင်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်က မေးခဲ့တယ်။ ခု ကွယ်လွန်ချိန်မှာလည်း မေးဆဲဖြစ်တယ်လို့ ကျွန်တော် ခံစားမိတယ်။

*ဟံသာဝတီ ဦးဝင်းတင်*

mgyoe.com

mgyoe.com SAMPLE BOOK



# ဒီမိုကရေစီ၏ အဓိပ္ပာယ်

(၁)

ယနေ့ နိုင်ငံရေးရပ်ကွက်၌ အသုံး အများဆုံးသော စကားလုံးကား 'ဒီမိုကရေစီ'ဟူသော စကားလုံးဖြစ်၏။ အစိုးရဘက်ကလည်း 'ဒီမိုကရေစီ'ဟု ပြော၏။ အတိုက်အခံဘက်ကလည်း 'ဒီမိုကရေစီ'ဟု ဆို၏။

အမေရိကန်ဘက်ကလည်း 'ဒီမိုကရေစီ'ဟု ကြွား၏။ ဆိုဗီယက်ကလည်း 'ဒီမိုကရေစီ'ဟု ဝင့်၏။ သို့သော် အဓိပ္ပာယ်ကောက်ယူနားလည်ချင်း တူကြသလား။ မတူကြပေ။

ရေဒီယိုက ငြိမ်းချမ်းရေးအစီအစဉ် ကဏ္ဍက အစိုးရက ဒီမိုကရေစီ တင်းပြည့်ကျပ်ပြည့် ပေးထားတယ်ဟု တောခိုများဘက်သို့ လှည့်ကာ ဟောပြောသည်။ တောထဲကလည်း မကြာခဏ ဒီမိုကရေစီ အာမခံချက်ရှိသလားဟု မေးမြန်းနေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK



နှစ်ဖက်က ဒီမိုကရေစီလိုချင်ပုံချင်း တူကြသလား။ မတူကြပေ။

တစ်လောက လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ခြင်း ဟူသော စကားများ သစ်ဆန်းလာကြသည်။ ထိုအခါ လက်နက်ကတော့ အကောင်အထည် ဒြပ်နဲ့ မြင်ရတွေ့ရ၊ ထိကိုင်လို့ရပါပြီ။ ဒီမိုကရေစီကကော မြင်ရရဲ့လားဟု မေးမြန်းလာကြပြန်သည်။ လက်နက်နဲ့ ဒီမိုကရေစီ လဲတယ်ဆိုရအောင်ဟာ ဒီမိုကရေစီကော ရှိရဲ့လားဟု ထပ်ဆင့်ကာ မေးခွန်းထုတ်လာကြပြန်လေ၏။

(၂)

ဒီမိုကရေစီ အပြည့်အဝဆိုသည်မှာ အမှန်အားဖြင့် မရှိပေ။ အတိုင်းအတာကို နှိုင်းယှဉ်၍ ယူရမည်သာ ဖြစ်လေသည်။ 'နှိုင်းယှဉ်တန်ဖိုး'သာရှိမည် ဖြစ်သည်။

နီးသည်၊ ဝေးသည် ဆိုသည်မှာလည်း ယင်းအတိုင်းပင် ဖြစ်သည်။ တစ်စုံတစ်ခုကို အသေထား၍ ယှဉ်တွဲမှတ်ယူမှ ရစမြဲ ဖြစ်သည်။ ဥပမာ ရန်ကုန်ကို အသေထား၍ ရန်ကုန်နှင့် မန္တလေး၊ ရန်ကုန်နှင့် မိတ္ထီလာဟူ၍ ယှဉ်ကြည့်သော် မန္တလေးနှင့်ဝေး၍ မိတ္ထီလာနှင့် နီးသည်ကို တွေ့ရှိရမည်ဖြစ်၏။

ရွှေကျည်မုန့်စားပြီးနောက် ကော်ဖီသောက်လျှင် သိပ်ချိုတော့မည် မဟုတ်ပေ။ ဤမှာ အခြားကြောင့်မဟုတ်။ ပထမ အချိုစားထားသဖြင့် နောက်မှ သူ့လောက်မချိုသော ကော်ဖီကို 'မချို'

mgyoe.com

mgyoe.com SAMPLE BOOK



ဟု နှိုင်းယှဉ်ကာ တွေ့ရှိခြင်း ဖြစ်ပေသည်။

လောကဌ် အဆုံးစွန်သော သဘောသည် မရှိချေ။ မှန်သည် ဟူရာဌ် သည့်ထက်မှန်သော အမှန်တရား မတွေ့ခင်အထိသာ မှန်ခြင်း ဖြစ်ပေသည်။

'အပြည့်အဝ' ဟူသည်မှာ အဆုံးစွန် ပြည့်ဝနေသည်ဟု အဓိပ္ပာယ်ရ၏။ ဒီမိုကရေစီ အပြည့်အဝဟူ၍ ရှိသည်မဟုတ်ပေ။ ဘာနှင့် အပြည့်အဝနည်း။ လက်ဖက်ရည်ပန်းကန်နှင့် အပြည့်လော၊ စဉ့်အိုးကြီးနှင့် အပြည့်လော၊ တိုင်ကီကြီးနှင့် အပြည့်လော၊ အင်းလျားကန်ကြီးနှင့် အပြည့်လော စသည်ဖြင့် တိုင်းထွာရပေလိမ့်မည်။

(၃)

ယနေ့ ငြိမ်းချမ်းရေးပြဿနာဌ် ဒီမိုကရေစီပြဿနာသည် ဝင်ရိုးဖြစ်နေ၏။ တော်လှန်ရေး အင်အားစုများဘက်က ဒီမိုကရေစီ အခွင့်အရေး တောင်းဆိုချက်များ ရှိသည်။ 'ဒီမိုကရေစီ အာမခံချက်'ကို မေးမြန်းကြသည်။

ဒီမိုကရေစီကို မည်သို့ တိုင်းထွာကြသည်။

ကိုယ့်အတိုင်းအထွာနှင့်ကိုယ် တိုင်းထွာကြခြင်း ဖြစ်ပေသည်။ ဖဆပလက 'ဒီမိုကရေစီ ရှိသားပဲ'ဟု ပြောလိမ့်မည်။ ပြောလည်း ပြောနိုင်သည်။ ဖဆပလ အစိုးရ တည်မြဲမှုကို မထိခိုက်သည်အထိ ဒီမိုကရေစီ ရှိပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK



ယနေ့ တော်လှန်ရေး အင်အားစုများနှင့် ဖဆပလတို့ ငြိမ်းချမ်းရေးအတွက် လွှန်ဆွဲလျက်ရှိရာ အငြင်းပွားနိုင်သော ဒီမိုကရေစီအခွင့်အရေးများ တောင်းဆိုချက်တွင် ရပ်တန့် ထစ်ငေါ့ မနေအပ်ပေ။

ဥပမာ ဒီမိုကရေစီ အာမခံချက်ပေးပါရန်၊ နိုင်ငံရေး အကျဉ်းသမားများ လွှတ်ပစ်ပါရန် စသောအချက်များကို ယခုအခြေအနေအရ (ဝါ) ငြိမ်းချမ်းရေး ပထမဆုံးရရေးကို ရှေးရှုလျက် တောင်းရန် မလိုဟု ထင်မြင်မိသည်။

ယင်းသို့ဆိုသဖြင့် ဒီမိုကရေစီအခွင့်အရေး ရှိသေးသည်ဟု ယူဆခြင်းကြောင့် မဟုတ်။

ဒီမိုကရေစီ အခွင့်အရေးဆိုသည်မှာ တောင်းယူ၍ ရရိုးမဟုတ်။ တိုက်ယူ၍သာ ရမည်ဖြစ်သောကြောင့်တည်း။

တိုက်ယူသည် ဆိုရာ၌ လူထုလှုပ်ရှားမှု တိုက်ပွဲများကို ဆိုလိုပေသည်။ အကယ်၍ လူထုလှုပ်ရှားမှုများကို တက်တက်ကြွကြွ၊ ကျယ်ကျယ်ပြန့်ပြန့် ခေါင်းဆောင်ပေးနိုင်လျှင် ဒီမိုကရေစီအခွင့်အရေးများ ရလာရမည် ဖြစ်ပေသည်။

ဒီမိုကရေစီ နယ်ပယ်ဘောင်ကို လူထုလှုပ်ရှားမှု တိုက်ပွဲများဖြင့် ချဲ့ယူရမည်သာ ဖြစ်ပေသည်။

အကယ်၍ ကွန်မြူနစ်ပါတီ တရားဝင် တည်ရှိခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်များ ရမည်ဆိုပါက လက်နက်ကိုင်တိုက်ပွဲ ပုံသဏ္ဍာန်မှ ငြိမ်းချမ်းသော ဒီမိုကရေစီတိုက်ပွဲ ပုံသဏ္ဍာန်သို့ ကူး

mgyoe.com

mgyoe.com SAMPLE BOOK



ပြောင်းအပ်ပေသည်။

တော်လှန်ရေး အင်အားစုများ မြေပေါ်ရောက်လာသော် ဆက်လက်၍ ဒီမိုကရေစီ အခွင့်အရေးအတွက် လှုပ်ရှားရဦးမည် ဖြစ်လေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK



# ဒီမိုကရေစီ လက်တွေ့

(၁)

တစ်လောက ရန်ကုန် မြို့နီစီပယ် ရွေးကောက်ပွဲ ညနေက ဂျစ်ကားတစ်စီးပေါ်၌ လူတွေ စုပြုံရပ်ကာ 'ဦးဝတုပ် နိုင်တယ်၊ ဦးဝတုပ် နိုင်တယ်'ဟု အသံပြာအောင် ကုန်းအော်နေကြ၏။

အော်နေသူများမှာ အရက်မူးနေကြပုံရသည်။ သူတို့အထဲတွင် ကုလားဒိန်လိုလို၊ ဘာလိုလို ရုပ်တွေလည်း ပါ၏။ သူတို့ကား အစွမ်းကုန် ပျော်နေကြပုံရ၏။ ကျွန်တော်မှာ ဘတ်စ်ကားပေါ်၌ ဖြစ်ရာ ခရီးသည်တို့မှာလည်း ပိတ်နေသဖြင့် ရပ်စောင့်နေရသောကြောင့် စိတ်ပျက်နေကြသည်ကို တွေ့ရလေ၏။

ဤဂျစ်ကားပေါ်မှ လူတစ်စုသည် တကယ်ပျော်နေကြခြင်းလော။ သို့မဟုတ် အရက်ဖြင့် ဖန်တီး၍ အတင်း ဖွတ်ပျော်နေကြခြင်းလော။

mgyoe.com

mgyoe.com SAMPLE BOOK



တကယ်ပျော်နေကြလျှင်လည်း မဲပေးသည့်အင်အားမှာ အတော်ကောင်းနေပြီး နိုင်သည့်ဘက်က မဲ အတော်ကြီး သာနေ၍ ကြီးမားသော အောင်ပွဲကြောင့်လော။

ဤမြူနီစီပယ် ရွေးကောက်ပွဲတွင် မဲထည့်သောဦးရေမှာ ရာခိုင်နှုန်း ၄၀ ကျော်ကျော်သာ ရှိသည်ဟု သိရသည်။ လူ ၁၁ ယောက်ရှိလျှင် ၆–၇ ယောက်မှာ ရွေးကောက်ပွဲကို စိတ်ဝင်စားခြင်း မရှိဟု အဓိပ္ပာယ်ထွက်နေ၏။ တစ်နည်းဆိုရသော် မြူနီစီပယ်ကို အယုံအကြည်မရှိဟု ဆန္ဒပြခြင်း မည်၏။

၃ ယောက် မဲပေးသည့်အနက် ၂ ယောက်မှာ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါသည့် မဲပုံးသာ မဲထည့်သည့်အတွက် အနိုင်ရသွားခြင်း ဖြစ်သည်။ မော်တော်ကားနှင့် လာခေါ်သဖြင့်လည်းကောင်း၊ မကင်းရာ မကင်းကြောင်းများက စောင့်ခေါ်နေသဖြင့်လည်းကောင်း၊ ပတ်သက်နေ၍လည်းကောင်း မဲပေးကြခြင်း ဖြစ်သည်ဟု တွေးရသည်။ သည်အထဲတွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါသော မဲပုံးထည့်မှ ဖြစ်မည်၊ အခြား မဲပုံးထည့်လျှင် လူသိမည် စသဖြင့် လျှို့ဝှက်မဲပေးစနစ်ကို သဘောမပေါက်သူများလည်း ပါပေသည်။ အတိုက်အခံ ထည့်သူကား အတော်ကို စိတ်ဓာတ်ပြင်းပြသူ ဖြစ်ပေမည်။ ဤကား ပုံကြမ်းဇယားကွက် ဖြစ်သည်။

များရာမဲဖြင့် နိုင်သော စနစ်သည် ဒီမိုကရေစီ စနစ်ဟု နားလည်ကြရပေသည်။

ကျွန်တော်တို့ ကျောင်းသားဘဝက ဤသို့ များရာမဲဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK



ဆုံးဖြတ်သော ဒီမိုကရေစီနှင့် တွေ့လာခဲ့ကြရသည်။ ကျင့်သုံးလာခဲ့ကြသည်။ အကယ်၍ မဲခွဲသောအခါ မဲချင်းတူနေလျှင် အစည်းအဝေး သဘာပတိလုပ်သူက မဲပေးနိုင်သည်။ ထိုအခါ တစ်မဲအသာဖြင့် အနိုင်ရလေတော့သည်။

'များရာမဲ' ဆိုသည်ကား တစ်မဲပိုများခြင်းလည်း များရာမဲဖြစ်ပေသည်။

ကျွန်တော်တို့သည် ဒီမိုကရေစီ အစဉ်အလာဖြင့် လုပ်ကိုင်လာခဲ့ကြပေသည်။

(၂)

၁၉၅၂ ခုနှစ်က ပီကင်းမြို့၌ကျင်းပသော အာရှနှင့် ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးညီလာခံကြီးသို့ တက်ခဲ့သည်။ ကမ္ဘာ့အစည်းအဝေး ညီလာခံသို့ ပထမအကြိမ် တက်ဖူးခြင်းဖြစ်သည်။

စာရေးဆရာကြီး ရွှေဥဒေါင်း၊ ပန်းချီဆရာ ဦးအုန်းလွင်နှင့် ကျွန်တော်တို့မှာ 'ယဉ်ကျေးမှုကော်မရှင်' ခေါ်သည့် ယဉ်ကျေးမှုနှင့် ပတ်သက်သော ကြေညာချက်စာတမ်းတစ်ခုကို တင်သွင်းဆုံးဖြတ်ရသည့် ကော်မတီ အစည်းအဝေးတက်ရန် တာဝန်ကျသည်။

မူလ အဆိုကြမ်း ရေးဆွဲသော ဆပ်ကော်မတီက တင်ပြသည့် စာတမ်းမှာ စာကြောင်း ၁၅ ကြောင်းလောက် ရှိသည်။ ဤ ၁၅ ကြောင်းမျှသော စာတမ်းကို ၄–၅ ည ဆက်၍ ငြင်းကြ

mgyoe.com

mgyoe.com SAMPLE BOOK



ခံကြသည်။ ကော်မရှင်တက်သူများမှာ စာတတ်၊ စကားတတ် ပညာရှင်များဖြစ်ရာ စကားလုံးတစ်လုံးလေးနှင့် တစ်ညကြာသည် ရှိသည်။

သို့ဖြင့် အငြင်းအခုံ၊ အချေအတင်ဖြင့် ဆွေးနွေးကာ ဟိုက ဖြုတ်၊ ဒီကဖြုတ်နှင့် လာခဲ့ရာ မူလ ၁၅ ကြောင်းမျှသော စာသား မှာ နောက်ဆုံး၌ ၈–၉ ကြောင်းလောက်သာ ကျန်လေတော့သည်။ ထိုအခါ ကန့်ကွက်သူ တစ်ယောက်မျှမရှိတော့ဘဲ အားလုံး တညီ တညွတ်တည်း သဘောတူချက် ရလေသည်။

ယင်းသို့ ယဉ်ကျေးမှုကော်မရှင်မှ တင်ပြသောအဆိုကို တစ်ဖန် ကိုယ်စားလှယ်အားလုံးတက်သော ကိုယ်စားလှယ်ပြန် အစည်းအဝေး၌တင်ကာ အတည်ပြုချက် ရယူရသေးသည်။ နိုင်ငံ ရေး အဆိုတစ်ခုမှာ ကန့်ကွက်သူပေါ်လာ၍ မဆုံးဖြတ်သေးဘဲ ကန့်ကွက်သူ ဩစတြေးလျမှ ရဟန်းနှင့် ညှိရလေသည်။ နောက် ဆုံး၌ အဆိုကိုပြင်ဆင်၍ တင်ပြ၊ ကန့်ကွက်သူမရှိ သဘောတူ ချက် ရလေတော့သည်။

(၃)

ယင်းသို့ ကန့်ကွက်သူမရှိ တညီတညွတ်တည်း သဘော တူချက်ရအောင် လုပ်ရခြင်းကား (ဝါ) မဲ မခွဲအောင် လုပ်ရခြင်း ကား ဖွဲ့ရှိရပေမည်။ စိတ်ရှည်ရပေမည်။ အပေးအယူသဘောဖြင့် ကွဲလွဲချက်များကို သည်းညည်းခံကာ ညှိယူနိုင်ရပေမည်။

mgyoe.com

mgyoe.com SAMPLE BOOK



အချိန်ကား ကြာမည်။ သို့သော် မဲမခွဲဘဲ တကယ့်ညီညွတ်ရေးကို ရစေပေသည်။ ခိုင်မာသော စည်းရုံးရေးကို ရစေပေသည်။

ကျွန်တော်သည် ပီကင်း ညီလာခံမှ အတွေ့အကြုံကိုရကာ ဒီမိုကရေစီသဘောကို အသစ်ပြင်၍ နားလည်လာလေသည်။ များရာမဲဖြင့် ဆုံးဖြတ်ခြင်းသည် ယာယီအားဖြင့် အနိုင်ရလေသည်။ အရှည်၌ကား မခိုင်မာပေ။ ၂၅ ဦး တက်သော အစည်းအဝေးတစ်ခု၌ ၂၃ မဲဖြင့် ဆုံးဖြတ်ချက်တစ်ခု ချ၍ရသော်လည်း သဘောမကျသော ၂ ဦး ရှိနေသေးသည်ကို သတိပြုအပ်သည်။ ဘာမျှလုပ်၍ရမည် မဟုတ်ပေ။

လူနည်းစု၏ သဘောထားကို လေးစားခြင်းသည် ဒီမိုကရေစီ စိတ်ဓာတ်ဟု နားလည်အပ်ပေသည်။ များရာမဲဖြင့် ဆုံးဖြတ်နိုင်သဖြင့် အောင်မြင်သည်ဟု မယူဆအပ်ပေ။ ယနေ့ အခြေအနေကို ရှုပါ။

ယနေ့ ငြိမ်းချမ်းရေးပြဿနာ၊ နိုင်ငံရေးပြဿနာတို့တွင် ဒီမိုကရေစီသဘောဖြင့်ယူလျှင် အရှည်ခိုင်မာမည်ဟု၊ တကယ့် ညီညွတ်ရေး ရမည်ဟု ထင်မိပေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK



# နိုင်ငံရေးနှင့် နိုင်ငံရေးသမား

(၁)

နိုင်ငံရေးသမား လက်ဟောင်းကြီးတစ်ဦးက 'နိုင်ငံရေးဆိုတာ ညစ်ပတ်တဲ့အလုပ်ပဲ၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ'ဟု ဆိုကာ နိုင်ငံရေးကို စွန့်လွှတ်ခဲ့ဖူးသည်။ ထိုစကားကို စစ်မဖြစ်ခင်က ကြားလိုက်ရသည်။

သခင်အောင်ဆန်းသည် ဒဂုန်မဂ္ဂဇင်း၌ 'နိုင်ငံရေးအမျိုးမျိုး' ဟူသော ဆောင်းပါးကို ရေးသောအခါ အထက်ပါစကားကို ကိုးကား၍ ရေးသည်။ ထိုအခါက ကျွန်တော်တို့မှာ ကျောင်းသားဘ၀၌ ရှိသေးသည်။ အသက် ၂၀ ကျော်စအရွယ် ဖြစ်သည်။

ကဗျာကလေးများစပ်ရင်း၊ ၀တ္ထုတိုကလေးများ ရေးစမ်းရင်း အင်္ဂလန်ပြည် လက်ဝဲစာအုပ်ကလပ် စာအုပ်များ၊ အဒပ်ဟပ်စလေ၏ 'အဆုံးနှင့် နည်းလမ်း' စသောစာအုပ်များ ဖတ်ရင်း

mgyoe.com

mgyoe.com SAMPLE BOOK



နိုင်ငံရေးကို မျှော်ကြည့်နေသောအခါ ဖြစ်သည်။ ထိုအခါမှာ ယခု အခါ နိုင်ငံရေး ခေါင်းဆောင်မှုအပိုင်း၌ ရောက်နေကြသော တက္ကသိုလ်သမဂ္ဂနှင့် ဒို့ဗမာအစည်းအရုံးမှ မိတ်ဆွေများ ပတ်ဝန်းကျင်တွင် လှည့်လည်နေသောအခါလည်း ဖြစ်သည်။

'နိုင်ငံရေးဟာ ညစ်ပတ်တယ်'ဟု ပြောသောအခါ ရာထူး၌ ရှိနေကြသော လူကြီးပိုင်း နိုင်ငံရေးကို ဆိုလိုတာပဲဟုသာ နားလည်ခဲ့သည်။

ကျွန်တော်တို့၏ ပတ်ဝန်းကျင်ဖြစ်သော လူငယ်ပိုင်းကိုကား ဤသို့ဟု မမြင်။ သူတို့သည် အချင်းချင်း ရဲဘော်စိတ်ရှိကြသည်။ သစ္စာရှိကြသည်။ ရိုးသားကြသည်။ စေတနာ သန့်ရှင်းစင်ကြယ်ကြသည်။ ကိုယ်ကျိုးမပါ စိတ်ထက်သန်ကြသည်။

မှတ်မိသေးသည်။ ကျောင်းသားသမဂ္ဂ ရန်ပုံငွေအတွက် ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)၊ မစ္စတာဒတ္တား(ယခု အင်္ဂလန်ရောက်နေပြီ)တို့နှင့် မြို့ထဲထွက် အလှူခံရင်း ကိုထွန်းရှိန်မှာ ဖိနပ်ပြတ်သွားရာ လေယာဉ်ပျံဖိနပ်တစ်ရန် ဝယ်ရန် ပြဿနာပေါ်လာသည်။ အလှူခံငွေထဲမှ ခေတ္တ ယူသုံးပြီး ကျောင်းဆောင်ရောက်မှ ပြန်ထည့်ရန် ကိစ္စကိုပင် အငြင်းအခုံ ဖြစ်ကြရသည်။

ထိုအခါက တရားပွဲများ သွားရသည်မှာ အင်မတန် စိတ်အားထက်သန်ခဲ့သည်။ ပရိသတ်မှာလည်း ကျဲကျဲမဟုတ်။ များပြား ထူထပ်လှပေသည်။ ဗိုလ်အောင်ကျော် အသုဘလောက် စည်းကားသော လူထုပရိသတ်ကို ယခု မတွေ့ရတော့ချေ။ တရား

mgyoe.com

mgyoe.com SAMPLE BOOK



ပွဲမှ စကားသံများကို ကြားရသောအခါ စိတ်ထဲတွင် လှုပ်ရှားလာကာ ကြက်သီးမွေးညင်းထကာ တရှိန်ရှိန် ဖြစ်နေမိလေသည်။

နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်မှာ လှိုင်းထနေခဲ့ပေသည်။

စိတ်ထဲကလည်း နိုင်ငံရေးကို မြင့်မြတ်ပါတကားဟု ယုံကြည်ခဲ့ပေသည်။ နိုင်ငံရေးသမားများမှာ ကိုယ်ကျိုးစွန့်သူတွေပါတကား၊ အနစ်နာခံသူတွေပါတကားဟု ကြည်ညိုခဲ့လေသည်။

ရာဇဝင်သည် အနှစ် ၂၀ ခန့် တိုးတက်ပြောင်းလဲလာပေပြီ။ ကိုလိုနီစနစ် လဲကျ၍ အမျိုးသားလွတ်လပ်ရေးကဏ္ဍသို့ ကူးဝင်ခဲ့ပေပြီ။

အသံချဲ့စက်ကြီးနှင့် ဂျစ်ကားပေါ်မှ 'မိဘပြည်သူများ ခင်ဗျား'ဟူသောအသံ ကြားရသောအခါ မယုံကြည်သလိုလို ဖြစ်လာသည်။ တရားပွဲသွားရန် စိတ်က မထက်သန်လာတော့။ ပရိသတ်မှာလည်း ကျဲတဲတဲသာ တွေ့ရတတ်သည်။ တရားဟောသံ ကြားရသည်ပင်လည်း ယခင်ကကဲ့သို့ စိတ်မလှုပ်ရှား။ ဓာတ်သိ မိတ်ဆွေ နိုင်ငံရေးသမားတစ်ယောက်က 'ပြည်သူတွေအတွက်' ဟု ပြောသည့်အခါ ပြုံးမိသည်။ ကျွန်တော်က ပြည်သူတွေအတွက် ဆိုတော့ သူ့အတွက်ပေါ့ဟု အဓိပ္ပာယ်ကောက်ပြီး ဖြစ်နေသည်။

တစ်ခါက နိုင်ငံခြား ကိုယ်စားလှယ်အဖွဲ့တွင် ပါသွားရာ မြို့တော်ဝန်က တည်ခင်းသော ထမင်းစားပွဲတစ်ခု၌ နိုင်ငံရေးသမား တစ်ဦးသည် သူ့အတွက် ကြက်ဥကြော်နှင့် ငါးကြော်

mgyoe.com

mgyoe.com SAMPLE BOOK



သတ်သတ်လုပ်ပေးရန် တောင်းရာ မြန်မြန်ရောက်မလာကောင်းလားဟု အိမ်ရှင် မိတ်ဆွေများအား ကြိမ်းမောင်းဆဲရေးသည်ကို ကြုံဖူးသည်။

နိုင်ငံရေး ခေါင်းဆောင်တစ်ဦးက သူ မလိုသော လူတစ်ယောက်အား ကော်မတီထဲ မပါအောင် 'နယ်ချဲ့သူလျှို'ဟု လုပ်ကြံသည်ကို တွေ့ရဖူးသည်။

ကျောင်းသားသမဂ္ဂနှင့် ဒို့ဗမာအစည်းအရုံးမှ မိတ်ဆွေများမှာ တောထဲရောက်သူ ရောက်၊ အစိုးရထဲရောက်သူ ရောက်ကုန်ကြရာ မိတ်ဆွေသစ်များစွာနှင့် တွေ့နေရသည်။ သည်အထဲ၌ ကျောင်းသားများမှာ ယခင် ကျောင်းသားသမဂ္ဂများ ခေတ်ကကဲ့သို့ စိတ်ထက်သန်ကြ၊ ရိုးသားကြသည်ကို တွေ့ရတတ်သည်။

အချို့သော နိုင်ငံရေးသမားများနှင့် ကော်မတီထဲတွင် အတူလုပ်ဖူးလေရာ 'နိုင်ငံရေးဆိုတာ ညစ်ပတ်တဲ့အလုပ်ပဲ' ဟူသော စကားကို သက်သေပြကြတော့သည်။ မူမရှိဘဲ လူကိုသာ ရှေ့တန်းတင် လုပ်နေကြသည်ကို တွေ့နေရရာ စိတ်ပျက်စရာကောင်းလှတော့သည်။

(၃)

ဒါရိုက်တာ သုခက 'ဒါနဲ့ မင်းက စာပေမှာ နိုင်ငံရေးပါရမယ်ဆိုကွ'ဟု ကျွန်တော့်အား ပြုံး၍ မေး၏။

ကျွန်တော်က 'ကျွန်တော် စိတ်ပျက်နေတာက နိုင်ငံရေး

mgyoe.com

mgyoe.com · SAMPLE BOOK



သမားတွေပဲ'ဟု ညစ်ပတ်သော နိုင်ငံရေးသမား အကြောင်းပြု၍ လွှတ်ခနဲ ပြောလိုက်လေသည်။

၁၃၀၀ ပြည့် အရေးတော်ပုံ ခေတ်ကကဲ့သို့ ကြည်နူးမှု မခံစားရသည်မှာ ကြာပေပြီ။ လွတ်လပ်ရေးတိုက်ပွဲ၏ပထမ ဖဆပလ ခေတ်ဦးက ခံစားမှုရှိခဲ့သေးသည်။ နောက်ပိုင်းတွင်ကား မရိုးသား၊ မစင်သော နိုင်ငံရေးသမားများကို တွေ့ရ၍ 'ခေါင်းဆောင်မှု'ကို မယုံကြည်လာတော့။

နိုင်ငံရေးကား အမှန်အားဖြင့် မြင့်မြတ်သည်။ အများအကျိုးဆောင်ရာ ဖြစ်သည်။ နိုင်ငံရေးသမားများကား ကိုယ်ကျိုးစွန့်သူ၊ အနစ်နာခံသူ ဖြစ်သည်။ ယင်း နိုင်ငံရေး၊ ယင်း နိုင်ငံရေးသမားများ ပြန်လည်ဆန်းသစ်လာအောင် ဝေဖန်ရေးသမားများက ရေးသား သင့်သည်ဟု ထင်မိပေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK



# နိုင်ငံရေး ခေါင်းဆောင်မှု ဘယ်လဲ

(၁)

နိုင်ငံရေးအခြေအနေတစ်ရပ်ကို အကဲဖြတ်ရာတွင် 'မည်သူ့ တာဝန်နည်း'ဟု စစ်ဆေးကြရပေမည်။ ထိုအခါ အကျိုး အပြစ်နှစ်ခုစလုံးသည် ခေါင်းဆောင်မှု၌ တာဝန်ရှိသည်ဟု မြင်သည်။

ရာဇဝင်ကို ဖန်တီးသူများသည် မည်သူနည်း။ ခေါင်းဆောင်များလော၊ မဟုတ်ပေ။ ရာဇဝင် ဖန်တီးသူများသည် ပြည်သူများသာ ဖြစ်သည်။ ရှေ့ဆောင် နိုင်ငံရေးပါတီတစ်ခုသည် ရာဇဝင် ဖန်တီးသူလော၊ မဟုတ်ပေ။

ရှေ့ဆောင် နိုင်ငံရေးပါတီသည် ပြည်သူ၏အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

သို့သော် ရာဇဝင် တစ်ခန်း ပြောင်းလဲသော လှုပ်ရှားမှု၏ တိုက်ပွဲတွင်ကား ရှေ့က မားမားမတ်မတ်ရပ်ကာရှိသဖြင့် 'တပ်ဦးပါတီ'နေရာက ပါဝင်သော နိုင်ငံရေးပါတီများ ရှိစမြဲ ဖြစ်သည်။ တပ်ဦးပါတီသည် အညှဉ်းဆဲခံရသည်။ အသေခံကြရသည်။ ဒုက္ခ

mgyoe.com

mgyoe.com SAMPLE BOOK



အမျိုးမျိုးနှင့် ရင်ဆိုင်ကြရသည်။ ကွန်မြူနစ်ပါတီ စသော တော်လှန်ရေးပါတီ တပ်ဦးများသည် အသက်ပေါင်းများစွာကို စတေးခဲ့ကြရသည်ဟု ရာဇဝင်ဆရာတို့က ရေးကြသည်။

ယင်းသို့ပင် ရာဇဝင်ကိုဖန်တီး ပြည်သူတို့၏နေရာ အမျိုးမျိုးတွင် ပါဝင်ကြသည်သာ ဖြစ်ပေသည်။

ခေါင်းဆောင်မှုတစ်ရပ်သည် ပြည်သူက လက်မခံသည့်အခါ၌ လဲကျ သက်ဆင်းရစမြဲ ဖြစ်သည်။ ပြည်သူက လက်မခံသည် ဟူရာ၌ ပြည်သူအား ကောင်းကျိုးမပြုနိုင်လျှင် ပြည်သူက လက်ခံမည် မဟုတ်ပေ။

နိုင်ငံရေးခေါင်းဆောင်မှုတို့သည် ရာဇဝင်ခေတ်အခြေအနေလိုက်၍ ဖြစ်ပေါ်ခဲ့ကြသည်။ ပျက်စီး တိမ်ကောခဲ့ကြသည်။ တချို့လည်း သက်တမ်းနုနုနှင့် ပျက်စီး ရွေ့လျောခဲ့ကြသည်။ တချို့လည်း သက်တမ်းရှည်ကြသည်။ တချို့သော နိုင်ငံရေး ခေါင်းဆောင်မှုသည် နုရာမှ ရင့်လျက်လာကြသည်။ တိုးတက်ပြောင်းလဲကာ ခိုင်ခံ့လာကြသည်။

(၂)

ကိုလိုနီခေတ်ဦးကာလက ဂျီစီဘီအေ စသော နိုင်ငံရေးခေါင်းဆောင်မှုသည် ပြည်သူ၏အကြိုက် ဖြစ်ခဲ့လေသည်။ ပြည်သူတို့၏ အမျိုးသားဆန္ဒကို ကိုယ်စားပြုခဲ့ကြလေသည်။

ကိုလိုနီစနစ်သည် ပို၍ တင်းမာ ခက်ထန်လာသည်။ ချွန်မြ

mgyoe.com